# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 12, 2020 | Volume 29, Number 7


**၁၂.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၃၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၀၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၀၇/- ကျပ် |
| CBM Rate | = ၁၃၉၈.၆ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၆.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၉၉.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၈၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၂၃၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းထုတ် အရည်အသွေးမီကုန်စည်များဝယ်ရန် နိုင်ငံတကာကုမ္ပဏီကြီးများကမ်းလှမ်း



နိုင်ငံတကာ လက်လီနှင့်လက်ကားကုမ္ပဏီကြီးများသည် အရည်အသွေးကောင်းမွန်သော ပြည်တွင်းထုတ်ကုန်စည်များကို ဝယ်ယူရန်ကမ်းလှမ်းမှုများရှိလာကြောင်း မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားလက်လီနှင့်လက်ကားကုမ္ပဏီများကို ပြည်တွင်းဈေးကွက်အတွင်း လုပ်ကိုင်ခွင့်ပြုပေးပြီးနောက် ရာနှုန်းပြည့် နိုင်ငံခြားလက်လီနှင့်လက်ကားကုမ္ပဏီများ၊ ဖက်စပ်လက်လီနှင့် လက်ကားကုမ္ပဏီများ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော နိုင်ငံခြားလက်လီနှင့်လက်ကားကုမ္ပဏီကြီးများသည် ပြည်တွင်း၊ ပြည်ပထုတ်လုပ်သူများထံမှ ကုန်စည်များရယူ၍ ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသလို ပြည်တွင်းထုတ်ကုန်စည်များကိုလည်းဝယ်ယူ၍ ၎င်းတို့၏ နိုင်ငံတကာဈေးကွက်များသို့ ပြန်လည် ရောင်းချလျက်ရှိသည်။ "ပြီးခဲ့တဲ့အပတ်က ဂျပန် AEON ကုမ္ပဏီ က ပြည်တွင်းထုတ်ကုန်တွေကိုရယူပြီး ၎င်းတို့ ကုမ္ပဏီနဲ့ အချိတ်အဆက်ရှိတဲ့ နိုင်ငံတကာဈေးကွက်တွေမှာ တင်ပို့ရောင်းချဖို့ အတွက် လာရောက်ရှင်းပြတယ်။ သူတို့က ဒါကို ကျယ်ကျယ်ပြန့်ပြန့်ကြီးလုပ်ဆောင်ဖို့ ဆန္ဒရှိနေတယ်။ နောက်ထပ်လည်း ဒီလိုမျိုး နိုင်ငံတကာကုမ္ပဏီတွေလာပြီး ပြည်တွင်းဈေးကွက်အတွက်ရောင်းချကြသလို ပြည်တွင်းထုတ်ကုန်တွေကိုလည်းဝယ်ယူပြီး နိုင်ငံတကာဈေးကွက်အသီးသီးကို ပြန်ဖြန့်ဖြူးတာလုပ်ကြဖို့ရှိပါတယ်။ ပြည်တွင်း

ထုတ်ကုန်တွေအတွက် အခွင့်အလမ်းတစ်ရပ်ပါပဲ။ အခုလို နိုင်ငံတကာ လက်ကား ကုမ္ပဏီကြီးတွေမှာ ဈေးကွက်ရှိပြီးသား ဆိုတော့ ပြည်တွင်းထုတ်ကုန်တွေအတွက် နိုင်ငံတကာဈေးကွက်လှမ်းရတာ ပိုပြီး လွယ်ကူအဆင်ပြေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ဂျပန်နိုင်ငံမှလက်လီနှင့်လက်ကား ကုမ္ပဏီကြီးဖြစ်သော AEON သည် မြန်မာနိုင်ငံမှ အရည်အသွေးမီပို့ကုန်ပစ္စည်းများကို ဝယ်ယူနိုင်ရန်အတွက် ပြည်တွင်းထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ AEON သည် အဝတ်အထည်၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဈေးဝယ်စင်တာတွင် ရောင်းချရန်လိုအပ်သော ကုန်စည်အမျိုးမျိုးနှင့် နိုင်ငံတကာ အမှတ်တံဆိပ်ကုန်စည်များကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပို့ကုန်လုပ်နိုင်သော အရည်အသွေးရှိ ကုန်ပစ္စည်းများကိုရယူပြီး နိုင်ငံတကာဈေးကွက်ရှိ AEON ၏ ဆိုင်ပေါင်း ၂၀၀၀၀ ကျော်သို့ ဖြန့်ဖြူးရောင်းချနိုင်ရန်စီစဉ်နေခြင်းဖြစ်သည်။ ပြည်တွင်းထုတ်ကုန်စည်များကို နိုင်ငံတကာလက်ကား ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး တင်ပို့ရောင်းချမည်ဆိုပါက အဆိုပါကုမ္ပဏီများမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်လိုအပ်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/136589.html

## ကျပ်ငွေတန်ဖိုးတက်လာခြင်းက ပို့ကုန်ကိုထိခိုက်နိုင်

ကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းမှာ ဒေါ်လာဈေး တဖြည်းဖြည်းကျလာနေတာကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေ၊ အထူးသဖြင့် ပို့ကုန်လုပ်ငန်းလုပ်ကိုင်သူတွေ ထိခိုက်နေတယ်လို့ပြောကြပါတယ်။ ဒေါ်လာဈေးကို ထိန်းညှိဖို့ ဗဟိုဘဏ်က ဈေးပြိုင်စနစ်နဲ့ ဝယ်ယူနေတာဟာလည်း မှန်ကန်တဲ့နည်းလမ်းမဟုတ်ဘူးလို့ ဝေဖန်ကြပါတယ်။ အပြည့်အစုံကို ဗွီအိုအေ သတင်းထောက် ကိုဇော်ထက်က ဆက်ပြောပြပါမယ်။ မြန်မာနိုင်ငံဗဟိုဘဏ်ဟာ ဈေးပြိုင်လေလံစနစ်နဲ့ အမေရိကန်ဒေါ်လာ ၉ သန်းကို ဒီကနေ့ဝယ်ယူခဲ့ပါတယ်။ ဒေါ်လာဈေးနှုန်းတွေကျနေတဲ့ကိစ္စကို ထိန်းကြောင်းပေးဖို့ ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း အစိုးရကို ဒီရက်ပိုင်းအတွင်းတိုက်တွန်းခဲ့ပြီးနောက်ပိုင်း ဒါဟာ ဗဟိုဘဏ်က တရက်အတွင်း အများဆုံး ဝယ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

ဗဟိုဘဏ်က ပြင်ပပေါက်ဈေးထက် မြင့်ပြီးဝယ်ယူသလို ဒါဟာ ဘက်ဂျက်ဆုံးရှုံးမှုဖြစ်နိုင်တယ်လို့ ဝေဖန်ကြတာလည်း ရှိပါတယ်။ ကမ္ဘာမှာဖြစ်တဲ့ ဒေါ်လာဈေးကျနေတဲ့ အခြေအနေမို့ ဒီလိုဝယ်ယူတာဟာ ကမ္ဘာ့ဈေးနှုန်းနဲ့ပြည်တွင်းဈေးနှုန်း ကွာဟလာနိုင်ကောင်း၊ ဒီနည်းလမ်းကလည်း တိုင်းပြည်ရဲ့စီးပွားရေးကို မျှော်မှန်းသလောက်အကျိုးမဖြစ်နိုင်ကြောင်း ဘက်ဂျက်လေ့လာသူ စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းက ဗွီအိုအေကိုပြောပါတယ်။“ ကမ္ဘာမှာဒေါ်လာတန်ဖိုးကျနေတယ်ဆိုရင် ကုန်သည်တွေ သူတို့ဝယ်ရတဲ့ သွင်းကုန်ဈေးလည်း ကျမှာပဲ။ အဲဒီတော့ သူတို့အတွက်က ဒီလောက်ကြီးမနစ်နာဘူးလို့ ဆရာတော့မြင်တယ်။ ဒါပေမယ့် ဗဟိုဘဏ်ဘက်ကကြည့်တဲ့အခါကျတော့ လုပ်ငန်းရှင်တွေတောင်းဆိုလာတဲ့ဟာကို လိုက်လျောပြီးတော့ လုပ်တဲ့ပုံစံနဲ့ ဒေါ်လာဝယ်တယ်ပေ့ါ။ အဲဒါမလုပ်သင့်ဘူးလို့ဘဲ ဆရာတော့ တွက်တယ်။ ဒါပေမဲ့ ဗဟိုဘဏ်ကတော့ အဲဒီအတိုင်းပဲ လုပ်လေ့ရှိတယ်။ အရင်လည်းလုပ်ခဲ့ပြီးပြီး ဒေါ်လာဈေးတက်အောင် အဲအတိုင်းပဲ။ အခုလည်း ဒေါ်လာလိုက်ဝယ်ဆိုတာ ဒေါ်လာဈေးကို ပြန်ထိန်းတဲ့သဘော၊ တက်အောင်ပြန်ထိန်းတဲ့ သဘောပဲဖြစ်နေတယ်။”

ကမ္ဘာ့ဒေါ်လာဈေးပြန်မြင့်တက်လာရင်၊ ပြည်တွင်းမှာ ဆွဲတင်ထားတဲ့ ဒေါ်လာဈေးကြောင့် ပိုဈေးတက်လာမျိုးဖြစ်နိုင်ပြီး သွင်းကုန်တွေ ဈေးကြီးလာနိုင်တယ်လို့ စီးပွားရေးပညာရှင်တချို့က ခန့်မှန်းပါတယ်။၂၀၁၉ နှစ်ကုန်ပိုင်း အမေရိကန်ဒေါ်လာက မြန်မာကျပ်ငွေ ၁၅၀၀ အောက်ကိုကျသွားရတာက ကုန်သွယ်ရေးကြောင့် ဒေါ်လာဝင်ရောက်တဲ့နှုန်း များလာတာကြောင့်ပါ။ အခုကတော့ ကိုရိုနာဗိုင်းရပ်စ် Covid- 19 တကမ္ဘာလုံးကို ပျံ့နှံ့လာတဲ့ သက်ရောက်မှုကြောင့်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တွေက ပြောပါတယ်။ ပြည်တွင်းကလုပ်ငန်းရှင်တွေဟာ Covid- 19 ကြောင့် စီးပွားရေး ထိခိုက်နစ်နာတာတွေကို မြန်မာနိုင်ငံ ကုန်သည်နှင့်စက်မှု၊ လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံး UMFCCI မှာ အင်္ဂါနေ့က ဆွေးနွေးကြပါတယ်။ တခြားနိုင်ငံတွေက ဒေါ်လာဈေးကျတဲ့အတိုင်း တန်ဖိုးလျှော့ပြီး ထုတ်လုပ်နိုင်ပေမဲ့ မြန်မာကတော့ ဒေါ်လာဈေးတက်ချိန် ဝယ်ယူထားတဲ့ ကုန်ကြမ်းတွေကြောင့် ပြည်ပဈေးကွက်နဲ့ မယှဉ်ပြိုင်နိုင်ပါဘူး။

လက်ရှိတော့ ပို့ကုန်လုပ်ငန်းရှင်တွေ အရှုံးရှိနေကြောင်း UMFCCI ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောပါတယ်။ "နောက် မြန်မာနိုင်ငံရဲ့ အိတ်စပို့တွေကလည်း ပြည်ပကို ထုတ်ကုန်တွေမှာလည်း ရတဲ့တန်ဖိုးတွေက နည်းသွားပြီးတော့ သူတို့ တောင်သူတွေက အရင်ဝယ်ထားတဲ့ ပစ္စည်းတွေပေ့ါ၊ စိုက်ပျိုးရေး ပစ္စည်းတွေကအစ ဒီတန်ဖိုးတွေနဲ့ သူတို့ရှုံးတာလေးတွေကို မြင်တွေ့ရပါတယ်။ ကျနော်တို့ကတော့ ဒီဥစ္စာကတော့ ဆက်လက်ဆွေးနွေးလျက်ရှိပါတယ်ခင်ဗျ။" ဒါပေမဲ့လည်း ဗဟိုဘဏ်က ဒေါ်လာဈေး အတက်၊ အကျကိုထိန်းကြောင်း လုပ်ဆောင်နိုင်လိမ့်မယ်လို့တော့ သူကမမြင်ပါဘူး။ "ဗဟိုဘဏ်ရဲ့ လုပ်ဆောင်ချက်တွေက ပြည်တွင်းရဲ့ ဒေါ်လာဈေးကို သူတို့ ဖန်တီးလုပ်ဆောင်ပြီးတော့ ကျအောင်၊ တက်အောင်လုပ်လို့ မရပါဘူး။ အရင်တုန်းကလည်း ဒါမျိုးဖြစ်ဖူးပါတယ်။ ဒါက Supply and Demand ဝယ်လိုအားနဲ့ ရောင်းလိုအားအပေါ် မူတည်ပြီးတော့ ပြည်ပက ဒေါ်လာဈေးပေ့ါနော် federal reserve ရဲ့ အတိုးနှုန်းရယ်၊ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်ရယ် ပြည်တွင်းက အရောင်းအဝယ်တွေအပေါ်မှာ အားလုံးမူတည်ပြီးသွားပါတယ်။"

၂၀၁၉ နှစ်ကုန်ပိုင်းကလည်း အမေရိကန်ဒေါ်လာဈေးကျလာတာကိုကာကွယ်ဖို့ ဗဟိုဘဏ်က ဒေါ်လာငွေဝယ်ယူခဲ့တာမှာ အဲဒီနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာလ ၂လပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ လောက်ဝယ်ယူခဲ့ပါတယ်။ ၂၀၂၀ မတ်လ ၁၀ ရက် အင်္ဂါနေ့မှာတော့ ဒေါ်လာ ၃သန်းကို ကျပ်ငွေပေါက်ဈေး ၁၃၄၃.၂ ကျပ်နဲ့ ဗဟိုဘဏ်က ပထမအကြိမ် ဝယ်ယူပြီး၊ ဒေါ်လာ ၆ သန်းကိုတော့ ကျပ်ငွေပေါက်ဈေး ၁၃၃၉.၁ ကျပ်နဲ့ တရက်ထဲမှာပဲ ဒုတိယအကြိမ် ဝယ်ယူခဲ့ပါတယ်။

**Source:** https://burmese.voanews.com

## မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်ပိတ်၍ မြိတ်ဒေသထွက်ကွမ်းသီးများ တင်ပို့ရန်အခက်အခဲဖြစ်နေ




မြန်မာ- အိန္ဒိယနယ်စပ် နှစ်နိုင်ငံ အဝင်အထွက် တမူး- မိုးရေး စစ်ဆေးရေးဂိတ်ပိတ်လိုက်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဒေသ ထွက် ကွမ်းသီးများတင်ပို့ရန် အခက်အခဲများဖြစ်နေကြောင်း မြိတ် အခြေစိုက် ကွမ်းသီးအဝယ်ဒိုင် လုပ်ငန်းရှင်များထံမှသိရသည်။ မြန်မာနိုင်ငံမှာ ကွမ်းသီးစိုက်တောင်သူနှင့် ကွမ်းသီးအထွက် အများဆုံးဒေသမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး၊ ထိုဒေသမှ ကွမ်းသီးများကို ပြည်တွင်းစားသုံးမှုထက် အိန္ဒိယနိုင်ငံ သို့ အဓိက ထား၍တင်ပို့နေရာ တမူး-မိုးရေး နယ်စပ်ဂိတ်ကို မတ်လ ၁၀ ရက် က အိန္ဒိယဘက်မှပိတ်လိုက်ရာ ကွမ်းသီးအဝယ်ဒိုင်များနှင့် တောင်သူများထိခိုက်နစ်နာမှုများရှိလာမည်ကို စိုးရိမ်နေကြောင်းသိရသည်။

မြိတ်ခရိုင် ကွမ်းသီး အရောင်း/ဝယ် လုပ်ငန်းရှင် ဒုဥက္ကဋ္ဌ ဦးကျော်မင်းဆွေက"ဒီနှစ်က တနင်္သာရီတိုင်းမှာ ကွမ်းသီးအထွက် နှုန်းလျော့ကျနေတယ်၊ နောက်ပြီး အခုရက်ပိုင်းမှာ နယ်စပ်ဂိတ်ကို ပိတ်ထားတော့ ကွမ်းသီးဈေး တွေထိုးကျလာတယ်၊ ဒ့ါအပြင် တင်ပို့မှုက အခက်အခဲ ရှိနေတော့ အဝယ် ရပ်နားရဖို့ အခြေအနေဆိုက်နေတယ်"ဟု ပြောသည်။ မြိတ်ဒေသထွက် ကွမ်းသီးများကို ရန်ကုန်မှ တဆင့် အိန္ဒိယ နယ်စပ်ဂိတ်သို့ ဂုန်နီအိတ် အလုံးရေ ၁ သောင်းနီးပါး အထိ လစဉ် တင်ပို့ နေကြောင်း သိရသည်။ မြိတ်ဒေသထွက် ကွမ်းသီးများကို တမူးနယ်စပ်ဂိတ်မှ တဆင့် အများဆုံး တင်ပို့ကြောင်း ကွမ်းသီး အဝယ်ဒိုင် လုပ်ငန်းရှင် များ ထံမှ သိရသည်။ ၆၅ ပိတ်သာပါ ကွမ်းသီး တစ်အိတ်ကို လစဉ် အိတ်ရေ ၃ သောင်းကျော်အထိ မြိတ်ခရိုင် တစ်ခရိုင်လုံးမှ ရန်ကုန်ပွဲရုံးကို တင်ပို့နေပြီး၊ ၂၀၁၉ -၂၀၂၀ ခုနှစ်မှာ တစ်နှစ်လုံး အိတ်ရေ ၂၇၀၀၀၀ မှ ၃၀၀၀၀၀ အထိ တင်ပို့နေကြောင်း သိရသည်။

မြိတ်ခရိုင် ကွမ်းသီး လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမြင့်အေးက "လအလိုက် နှစ်အလိုက် ကွမ်းသီး တင်ပို့နေတဲ့ ကုန်သွယ်ခွန် အနေနဲ့ကတော့ နည်းနည်း ပြောရခက်ပါတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ကုန်သွယ်တွေက နယ်စပ်ကို တိုက်ရိုက် တင်ပို့တဲ့ သူရှိသလို ပွဲရုံကနေ သွားတဲ့ သူတွေလည်းရှိတော့ အတိ အကျ မပြောနိုင်ပါဘူး"ဟု ပြောသည်။ မြိတ်ဒေသထွက် ကွမ်းသီးများကို ပြည်တွင်း စားသုံးမှုနှင့် ရန်ကုန်ပွဲရုံးများမှ တဆင့် ပြည်ပသို့ Exports တင်ပို့မှုများ ကြောင်း သိရသည်။ မြိတ်မြို့၊

ထားဝယ်စုရပ်ကွက်ရှိ နဂါးညီနောင် ကွမ်းသီးနှင့် သီဟိုဠ်ဆံ အထွေထွေ ရောင်းဝယ်ရေးမှ ကိုညီညီက "ဒီနှစ်ကတော့ အစီကက Exports ထွက်ကုန်ပေါ့ ကွမ်းသီးတွေကို အိန္ဒိယနိုင်ငံကို တင်ပို့နေတာ နယ်စပ်ဂိတ်ကိုပိတ်လိုက်တော့ လုပ်ငန်းရှင်တွေရော တောင်သူတွေပါ တော်တော်လေးအထိနာနေပါတယ်၊ နောက်ပြီး ကွမ်းသီးဈေးကွက်တွေလည်း တဖြည်းဖြည်းကျဆင်းလာတယ်"လို့ ပြောသည်။ တမူး-မိုးရေးနယ်စပ်ဂိတ်ကို ကိုရိုနာဗိုင်းရပ်စ် အခြေအနေစိုးရိမ်သည့်အတွက် အိန္ဒိယဘက်က မတ်လ ၁၀ ရက်က စတင်ပိတ်ခဲ့ရာ မည်သည့်အချိန်ကာလအထိ ပိတ်မည်ကိုမသိရပေ။

**Source:** http://www.mizzimaburmese.com/article/68027

## တရုတ်သို့ ရေထွက်ကုန်တင်ပို့ မှုကျဆင်းခဲ့သော်လည်း တစ်ပတ်အတွင်း တန် ၄၀၀၀ ကျော်တင်ပို့ခဲ့

COVID-19 ဂယက်ကြောင့် တရုတ်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု လျော့နည်းကျဆင်းခဲ့သော်လည်း တစ်ပတ်အတွင်း တန်ချိန် ၄၀၀၀ ကျော် တင်ပို့ပြီးဖြစ်ကြောင်း မတ် ၁၀ ရက်က ရန်ကုန်တိုင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပြုလုပ်သည့် ပုံမှန်အစည်းအဝေး၌ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးနှင့်သုတေသနဌာနဦးစီးအရာရှိ ဦးမြင့်သန်းက ပြောသည်။ "ဇန်နဝါရီလမှာစတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖေဖော်ဝါရီလဆန်းမှာ တင်ပို့မှုအနည်းငယ်ကျတယ်။ ကျွန်တော်တို့ ဆီက ကုန်ပစ္စည်းတွေ လုံးဝရပ်ဆိုင်းသွားတာမျိုးမဟုတ်ဘူး။ နောက်ပိုင်းမှာတော့ မြန်မာဘက်က ကုန်တင်သူနဲ့ တရုတ်ဘက်က ကုန်ကြိုသူ ကုန်သည်အချင်းချင်းချိတ်ဆက်ပြီးတော့ အလျဉ်းသင့်သလိုတင်ပို့နေပါတယ်"ဟု ၎င်းကပြောသည်။

မတ် ၁ ရက်မှ မတ် ၈ ရက်အထိ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့မှုမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တန်ချိန်ပေါင်း ၄၀၈၄ ဒသမ ၃၅၀ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၂ သန်းကျော်) ရရှိခဲ့ကြောင်း သိရသည်။ အဓိက တင်ပို့သည့် ရေထွက်ပစ္စည်းများမှာ ငါးတံခွန်၊ ငါးခေါင်းပွ၊ ငါးမုတ်ဖြူ၊ ငါးပုတ်သင်၊ ငါးခွေးရှာ၊ ငါးရွှေ၊ ငါးပူတင်း၊ ငါးသလောက် စသည်တို့အပြင် အခြားရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်၊ ကင်းမွန် စသည်တို့လည်းပါဝင်ကြောင်းသိရသည်။ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ဖေဖော်ဝါရီလအတွင်း သိသိသာသာကျဆင်းခဲ့သော်လည်း မတ် ၁ ရက်မှ မတ် ၈ ရက်အထိ ရေထွက်ကုန်ပစ္စည်း တန်ချိန်ပေါင်း ၂၈ ဒသမ ၂၃ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၇၂၄၀၇၅) ရရှိခဲ့ကာ ငါးရှဉ့်၊ ငါးဟောက်ကို အဓိကထားတင်ပို့ကြောင်းသိရသည်။ "ကျွန်မကို မေးကြတယ်။ တရုတ်က လုံးဝပိတ်သွားပြီ ဟုတ်လား။ တရုတ်ကို လုံးဝသွားလို့မရတော့ဘူး။ ဒါက ဖေဖော်ဝါရီတုန်းကဖြစ်တာပါ။ ဒါပေမဲ့ ဖေဖော်ဝါရီမှာလည်း သွားနေတယ်၊ ပုံမှန်သွားနေတယ်။ ချင်း ရွှေဟော်ပဲပိတ်လိုက်တယ်။ ချင်းရွှေဟော်လည်း အခု မတ်လမှာလုံးဝပြန်ဖွင့်သွားပြီ။ ဒါပေမဲ့ ငါးရှဉ့်ပဲသွားတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ ၂၈ ရက်အထိ) မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၁၅ ဒသမ ၃၂၈ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ ၂၈ ရက်အထိ) အမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၅၈၇ သန်းအထိ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကာ တရုတ်သို့ အဓိကထားတင်ပို့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုကိန်းဂဏန်းများအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/136590.html

## Reject ထိ သရက်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်နိုင်ရန် ကြိုးပမ်းသင့်

Reject ထိထားသည့် သရက်သီး (ပယ်သီး) များကို တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်နိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြန်မာ့သ ရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကပြောသည်။ ထွက်တဲ့အသီးတိုင်းက Export ပို့နေတာ မဟုတ်ပါဘူး။ Reject ထိတာတွေလည်းပါတယ်။ အသီးတိုင်းက ပြည်ပပို့ကုန်တန်းဝင်တာမဟုတ်ဘူး။ ဒီသရက်ပင်က ထွက်တိုင်း အားလုံးက အသီးကောင်းတာ မဟုတ်ဘူးလေ။ ဒီလိုပယ်သီးတွေကို value added (တန်ဖိုးမြှင့်ထုတ်ကုန်) အဖြစ် System ပြောင်းလဲထုတ်လုပ်နိုင်မယ်ဆိုရင် တောင်သူတွေ အခုထက်ပိုပြီး အဆင်ပြေလာမှာပါ။ ဒီနှစ်ထဲမှာ သရက်သီးကို အေးခဲလုပ်ဖို့ join လာတဲ့ အဖွဲ့နှစ်ဖွဲ့ရှိတယ်။ အဲ့ဒါတွေအတွက် စပြီး ပြင်ဆင်နေကြတယ်။ Reject တွေကို နမြောတဲ့အတွက်ပြင်ရမှာပါဟု မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

ပြည်တွင်းစားသုံးမှုနှုန်းကို ကြည့်ပါက ထွက်ရှိသည့် သရက်သီးပမာဏ၏ (၃)ပုံ (၂)ပုံကသာ အရည်အသွေးအကောင်းဆုံး ပြည်ပပို့ကုန်ဖြစ်ပြီး၊ ကျန်ရှိနေသည့် သရက်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ပါက ရေရှည်တွင် ဈေးကွက်အလားအလာများပြားနိုင်ကြောင်း ဦးကျော်စိုးနိုင်ကဆိုသည်။ တရုတ်က စိန်တလုံးသရက်ဆိုရင် ၂၀၀ ဂရမ်အောက်ကို ပယ်တယ်။ သရက်သီးပယ်သီးတွေကို တန်ဖိုးမြှင့်ထုတ်ကုန်လုပ်နိုင်ဖို့ ကြိုးစားတဲ့အဖွဲ့တွေရှိရင်ကောင်းတာပေါ့။ သရက်သီးကို သရက်ခြောက်ထုတ်တဲ့အခါ ရိုးရာနည်းပညာတွေနဲ့ပဲ ထုတ်လုပ်နေကြသေးတယ်။ နည်းပညာပိုင်းအားနည်းနေပါတယ်ဟု မူဆယ်၊ သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ Value added (တန်ဖိုးမြှင့်ထုတ်ကုန်) များ ထုတ်လုပ်နိုင်ရန် တောင်သူအစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး၊ နည်းပညာပေးဆောင်ရွက်မှုများလည်း လိုအပ်သည်။

**Source:** https://greenwaymyanmar.com/posts/try_to_produce_value_added_products_for_rejected_mango

## တရုတ်သို့ ရေထွက်ကုန်တင်ပို့မှုကျဆင်းခဲ့သော်လည်း တစ်ပတ်အတွင်း တန် ၄၀၀၀ ကျော်တင်ပို့ခဲ့



COVID-19 ဂယက်ကြောင့် တရုတ်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု လျော့နည်းကျဆင်းခဲ့သော်လည်း တစ်ပတ် အတွင်း တန်ချိန် ၄၀၀၀ ကျော် တင်ပို့ပြီးဖြစ်ကြောင်း မတ် ၁၀ ရက်က ရန်ကုန်တိုင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပြုလုပ်သည့် ပုံမှန်အစည်းအဝေး၌ ငါးလုပ်ငန်းဦးစီးဌာန အရည် အသွေး ထိန်းသိမ်းရေးနှင့် သုတေသနဌာနဦးစီးအရာရှိ ဦးမြင့်သန်းက ပြောသည်။ "ဇန်နဝါရီလမှာစတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖေဖော်ဝါရီလဆန်းမှာ တင်ပို့မှုအနည်းငယ်ကျတယ်။ ကျွန်တော်တို့ဆီက ကုန်ပစ္စည်းတွေ လုံးဝရပ်ဆိုင်းသွားတာမျိုး မဟုတ်ဘူး။ နောက်ပိုင်းမှာတော့ မြန်မာဘက်ကကုန်တင်သူနဲ့ တရုတ်ဘက်က ကုန်ကြိုသူ ကုန်သည်အချင်းချင်းချိတ်ဆက်ပြီးတော့ အလျဉ်းသင့်သလိုတင်ပို့နေပါတယ်"ဟု ၎င်းကပြောသည်။

မတ် ၁ ရက်မှ မတ် ၈ ရက်အထိ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့မှုမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တန်ချိန်ပေါင်း ၄၀၈၄ ဒသမ ၃၅၀ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၂ သန်းကျော်) ရရှိခဲ့ကြောင်းသိရသည်။ အဓိကတင်ပို့သည့် ရေထွက်ပစ္စည်းများမှာ ငါးတံခွန်၊ ငါးခေါင်းပွ၊ ငါးမုတ်ဖြူ၊ ငါးပုတ်သင်၊ ငါးခွေးရှာ၊ ငါးရွှေ၊ ငါးပူတင်း၊ ငါးသလောက် စသည်တို့အပြင် အခြားရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်၊ ကင်းမွန် စသည်တို့လည်း ပါဝင်ကြောင်း သိရသည်။ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ဖေဖော်ဝါရီလအတွင်း သိသိသာသာ ကျဆင်းခဲ့သော်လည်း မတ် ၁ ရက်မှ မတ် ၈ ရက်အထိ ရေထွက်ကုန်ပစ္စည်း တန်ချိန်ပေါင်း ၂၈ ဒသမ ၂၃ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂၄၀၇၅) ရရှိခဲ့ကာ ငါးရှဉ့်၊ ငါးဟောက်ကို အဓိကထားတင်ပို့ကြောင်းသိရသည်။ "ကျွန်မကိုမေးကြတယ်။ တရုတ်က လုံးဝပိတ်သွားပြီ ဟုတ်လား။ တရုတ်ကို လုံးဝသွားလို့မရတော့ဘူး။ ဒါက ဖေဖော်ဝါရီတုန်းကဖြစ်တာပါ။ ဒါပေမဲ့ ဖေဖော်ဝါရီမှာလည်း သွားနေတယ်၊ ပုံမှန်သွားနေတယ်။ ချင်းရွှေဟော်ပဲ ပိတ်လိုက်တယ်။ ချင်းရွှေဟော်လည်း အခုမတ်လမှာ လုံးဝပြန်ဖွင့်သွားပြီ။ ဒါပေမဲ့ ငါးရှဉ့်ပဲသွားတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ ၂၈ ရက်အထိ) မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၁၅ ဒသမ ၃၂၈ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ ၂၈ ရက်အထိ) အမေရိကန် ဒေါ်လာ ၃၆၁ ဒသမ ၅၈၇ သန်းအထိ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကာ တရုတ်သို့ အဓိကထားတင်ပို့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုကိန်းဂဏန်းများအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/136590.html

## ကိုရိုနာကြောင့် သက်ြန်ကာလ ပြည်ပခရီးသွားဈေးကွက်ပျက်



ကိုရိုနာဗိုင်းရပ်စ်ကြောင့် သင်္ကြန်ကာလ ပြည်ပခရီးသွား ဈေးကွက်ပျက်လုဖြစ်သွားကြောင်း တိုးဒီခရီးသွားလုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်လှဒါလီခင်က မြန်မာတိုင်း(မ်)ကို ပြောသည်။ ပြည်ပခရီးသွားကုမ္ပဏီ ၂၀ ကို လေကြောင်းလိုင်းများထံသို့ ပေးထားရသည့် ကြိုတင်ငွေစာရင်းများ ကောက်ယူရာတွင် အမေရိကန်ဒေါ်လာ ၁၀ သိန်းနီးပါးထိရှိကြောင်းလည်း ၄င်းက ပြောသည်။ ''လက်ရှိမှာ စင်ကာပူလေကြောင်းလိုင်းတစ်ခုပဲ ငွေပြန်အမ်းဖို့ တိတိကျကျအကြောင်းပြန်ထားတယ်။ တခြား လေကြောင်းလိုင်းတွေက တိတိကျကျ အကြောင်းမပြန်သေးဘူး။ အဲအေးရှားတို့၊ နောခ်အဲတို့ကတော့ ကြိုတင်ငွေဆုံးမယ့်သဘောတော့ ပြောနေတာရှိတယ်''ဟု ဒေါ်လှဒါလီခင်ကဆိုသည်။

ပြည်ပခရီးစဉ်လုပ်ကိုင်သည့် အေဂျင်စီများသည် ခရီးသွားရာသီအတွက် လေယာဉ်ထိုင်ခုံရရှိရန် လေကြောင်းလိုင်းများကို နှစ်စဉ်ကြိုတင်ငွေပေးသွင်းရခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျက်သိမ်းခဲ့သည့် ခရီးစဉ်များနှင့် ပတ်သက်သည့် ဆုံးရှုံးနစ်နာမှုများအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ ထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းထံမှသိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပခရီးသွားအေဂျင်စီများအဖြစ် အဓိကလုပ်ကိုင်သည့် အေဂျင်စီ ၅၀ မှ ၁၀၀ ကြားထိ ရှိနေသည်။ ခရီးသွားလုပ်ငန်းရှင်အများစုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအတွင်း ပြန်လည်ရပ်တည်နိုင်ရန် အစိုးရကငွေကြေးဆိုင်ရာ ချေးငွေများကို မူဝါဒများဖြင့်ပံ့ပိုးဆောင်ရွက်ပေးရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ အကြံပြုထားသည်။ ''သင်္ကြန်ကာလအတွက် ခုံနေရာရရှိအောင် ခရီးသွားအေဂျင်စီတွေက လေကြောင်းလိုင်းတွေကို ငွေကြိုတင်ပေးသွင်းရတာရှိတယ်။ အခုလိုရောဂါဖြစ်လာတော့ ခရီးသည်အကုန်လုံးနီးပါးက ခရီးမသွားတော့ဘူး။ အေဂျင်စီတွေအနေနဲ့ ခရီးသည်ကိုကြိုတင်ငွေပြန်အမ်းပေးရတာရှိတယ်။ တစ်ဖက်မှာလည်း လေကြောင်းလိုင်းတွေနဲ့ခရီးသွားအေဂျင်စီတွေကြားမှာ ဖြေရှင်းရတဲ့နေရာမှာခက်ခဲတာတွေရှိတယ်''ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇော်ဝေကပြောသည်။

ပြည်ပခရီးစဉ်များအနေဖြင့် မြန်မာနိုင်ငံက တစ်နှစ်လျှင် လူဦးရေ ၇၀,၀၀၀ မှ ၁၀၀,၀၀၀ ကြား သွားရောက်လည်ပတ်လေ့ ရှိပြီး ဥရောပနိုင်ငံများနှင့် တရုတ်ပြည်ခရီးစဉ်များအပြင် ဂျပန်၊ ကိုရီးယားနှင့် အာဆီယံဒေသတွင်းနိုင်ငံများကို သင်္ကြန်ကာလ အတွင်း အဓိကထားပြီး ရောင်းချလေ့ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလုပ်ငန်းအတွင်း ဆုံးရှုံးမှုများကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှတစ်ဆင့် ကနဦး စစ်တမ်းကောက်ယူထားမှုအရ ခရီးစဉ်ဖျက်သိမ်းမှုများသည် ၅၀ ရာခိုင်နှုန်းကျော် ရှိနေပြီး ယင်းတို့ကို ပြန်လည်ကုစားရန်အစီစဉ်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုများလုပ်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်ကပြောသည်။ ''ဟိုတယ်ခရီးဝန်ကြီး ဌာနက ခရီးသွားလုပ်ငန်းတွေ ရပ်တည်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်နေတာတော့ရှိတယ်။ အတည်မပြု ရသေးလို့ အစီအစဉ်တွေတော့ မသိရသေးဘူး''ဟု ၄င်းကပြောသည်။

လက်ရှိတွင် ပြည်ပခရီးစဉ်များကို ယခုနှစ်ခရီးသွားရာသီအတွက် ဝယ်ယူသူမရှိသလောက်ဖြစ်နေပြီး ပြည်တွင်းခရီးစဉ်များ ဖြစ်သည့် မြိတ်ဒေသ၊ မန္တလေးနှင့်ရှမ်းပြည်နယ်၊ မြစ်ကြီးနား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကမ်းခြေဒေသများရှိ ခရီးစဉ်များကို အဓိကထားရောင်းချနေရကြောင်း ခရီးသွားလုပ်ငန်းရှင်များကဆိုသည်။ ကိုရိုနာဗိုင်းရပ်ကြောင့် မြန်မာနိုင်ငံတွင် ပျံသန်းပြေးဆွဲနေသည့် လေကြောင်းလိုင်း ၃၆ ခုရှိသည့်အနက် လေကြောင်းလိုင်း ၂၄ ခုက ခရီးစဉ်ရပ်ဆိုင်းမှုများ ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ စာရင်းများအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/136620.html

## မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်များ ပိတ်ထား၍ နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းဟုဆို



မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်များပိတ်ထားမှုကြောင့် နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းလျက်ရှိကြောင်း တမူးမြို့နယ်စပ်ကုန်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ပြန့်ပွားမှုကို တားဆီးနိုင်ရန် မြန်မာ-အိန္ဒိယနယ်စပ်တွင် အရောင်းအဝယ်အကောင်းဆုံးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ နန်းဖာလုံဈေးနှင့် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မိုရေးမြို့သို့ သွားလာမှုအများဆုံးရှိသည့် ဂိတ်များကို အိန္ဒိယနိုင်ငံဘက်မှ မတ် ၁၀ ရက်မှစတင်၍ ပိတ်ထားလိုက်ပြီး နယ်စပ်ဝင်ထွက်သွားလာမှုအား စစ်ဆေးမှုများ မြှင့်တင်ဆောင်ရွက်နေကြောင်း တမူးမြို့နယ်စပ် ကုန်သွယ်ရေး ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "မဏိပူရပြည်နယ်ဘက်က ပိတ်လိုက်တာဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်တွေ့လို့ မဟုတ် ပါဘူး။ မတ် ၁၀ ရက် နံနက် ၈ နာရီကစတင်ပြီး ပိတ်ထားလိုက်တာဖြစ်ပါတယ်။ ရက်အကန့်အသတ်မသိရသေးပါဘူး။ မတ် ၉ ရက်တုန်းကတော့ တရားဝင်ဂိတ်ကြီးတွေက သွားခွင့်ပြုသေးတယ်။ ဒီနေ့တော့ လုံးဝပိတ်လိုက်တာ"ဟု ၎င်းကပြောသည်။

ကမ္ဘာတွင် ကူးစက်ပြန့်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်မှာ တရုတ်နိုင်ငံမှ စတင်ပြန့်ပွားလာခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ကူးစက်လာမည်ကို စိုးရိမ်သောကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ "နယ်စပ်ပိတ်ထားလိုက်တယ်ဆိုတော့ အရောင်းအဝယ်အားလုံး ရပ်ဆိုင်းသွားတာပေါ့။ အထူးသဖြင့်တော့ နယ်စပ်စီးပွားရေးဈေးကွက်တွေ ပျက်စီးသွားသလို နယ်စပ်ကုန်စည်တွေလည်း ပျက်စီးဆုံးရှုံးမှုတွေရှိတယ်။ နယ်စပ်ရောင်းဝယ်မှုနဲ့ မှီခိုစားသောက်နေရတဲ့ ဈေးသည်၊ ဈေးဝယ်၊ သယ်ယူပို့ဆောင်ရေး၊ အလုပ်သမား၊ ခေါင်းရွက်ဗျပ်ထိုးတွေအထိ ထိခိုက်ဆုံးရှုံးမှုရှိပါတယ်။ ထိခိုက်မှုများတာက သီးနှံကုန်တွေပါ"ဟု နယ်စပ်ကုန်သည်တစ်ဦးကပြောသည်။

တမူးနယ်စပ်ရောင်းဝယ်ရေး ရပ်တန့်သွားပြီးနောက် မြန်မာ-အိန္ဒိယနယ်စပ်မှာလည်း အရောင်းအဝယ် နှေးကွေးလျက်ရှိသည်။ ရိဒ်နယ်စပ်မှ အများဆုံးဝယ်ယူမှုရှိသည့် ကွမ်းသီးမှာလည်း တစ်ဖက်နိုင်ငံမှ ဝယ်ယူမှုနည်းပါးနေပြီး တစ်ဖက်မှပြန်လည်တင်သွင်းရသည့် ဓာတ်မြေသြဇာမှာလည်း အရောင်းအဝယ် အေးနေကြောင်း သိရသည်။ တမူးမြို့နယ်စပ်ဂိတ်များအား မည်သည့်အချိန်ထိ ပိတ်ထားမည်ကို မသိရသေးကြောင်း တိုင်းဒေသကြီး တာဝန်ရှိသူတစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/136612.html

## ကြက်သွန်နီ လှိုင်လှိုင်ပေါ်ချိန် ဈေးထိုးကျသွား၍ တောင်သူများအမြတ်နည်း




လက်ရှိ ကြက်သွန်နီများ လှိုင်လှိုင်ပေါ်လာချိန်တွင် ဈေးများထိုးကျသွားသည့်အတွက် အကျိုးအမြတ်များ လျော့နည်းသွားကြောင်း မကွေးမြို့နယ်အတွင်း ယင်းကွေ့ချောင်းနံဘေးရှိ ကျေးရွာများက ကြက်သွန်စိုက်တောင်သူများကပြောသည်။ ကြက်သွန်နီကိုတန်ဆောင်မုန်းလပြည့်ကျော်မှ စတင်စိုက်ပျိုးကြရာ တပို့တွဲလအတွင်းပေါ်သည့် လက်ဦးကြက်သွန်နီမှာ တစ်ပိဿာ ကျပ် ၁၃၅၀အထိ ကုန်သည်ပွဲစားများက ကျေးရွာအရောက်လာပြီးဝယ်ကြသည်။ နတ်တော်လအတွင်း စိုက်ပျိုးသည့် ကြက်သွန်နီမှာ ယခုလက်ရှိ ကျပ် ၆၅၀ ဖြင့် တောင်တွင်းကြီးမြို့အထိ

သွားရောက်ရောင်းချရကြောင်း ဇီးကျွန်းကျေးရွာတောင်သူ ကိုဇင်အောင်မျိုးကပြောသည်။ မကွေးမြို့နယ်အတွင်း ယင်းကွေ့ချောင်းနံဘေးရှိ တပ်ကုန်း၊ အင်းနက်၊ ဒဟတ်ကုန်း၊ ပုထိုးနှင့် ဇီးကျွန်းကျေးရွာတို့ရှိတောင်သူများ ဆောင်းရာသီကို အမှီပြု၍ ကြက်သွန်နီကို အဓိကထားစိုက်ပျိုးကြသည်။ "ကျွန်တော်တို့ လက်ဦးပေါ်တဲ့ ကြက်သွန်နီက ဈေးကောင်းရလို့ တော်သေးတယ်။ အခုလက်ရှိ ကြက်သွန်နီဈေးက ထက်ဝက်ကျသွားတော့ အရင်းမရှုံးပေမယ့် အမြတ်နည်းတယ်။ ယာလုပ်ရတာထက်စာရင် ကိုင်းလုပ်ရတာတော့ အရင်းပြန်ရသေးတယ်။ ပြီးခဲ့တဲ့နှစ် ယာလုပ်တာကတော့ အရင်းမရလိုက်ဘူး။ အရင်းအနှီးစိုက် ထုတ်ရတာကများတော့ ကိုင်းကြက်သွန်နီလုပ်တာက ဝင်ငွေပြန်ရလို့ တော်သေးတယ်။ ဒီထက်ထပ်ကျရင် တောင်သူတွေ အရှုံးပေါ်တော့မယ်" ဟု ကိုဇင်အောင်မျိုးက ပြောသည်။ ကြက်သွန်နီ စတင်စိုက်ပျိုးရန် ထွန်ရေးအကြမ်းကို ထွန်စက်ဖြင့် ငှားရမ်းထွန်ရပြီး တစ်နာရီ ကျပ် ၁၈၀၀၀ ပေးရသည်။ ထွန်ရေးအချောအတွက် နွားတစ်ရှဉ်းကို ကျပ် ၆၀၀၀ မှ ၇၀၀၀ အထိပေးငှားရသည်။ လူငှားခ တစ်ရက်ကို ကျပ် ၅၀၀၀ ဖြင့် ငှားရပြီး ကြက်သွန်နီ ဓွန်မွှားပျိုးဥ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဖြင့် သယ်စိုက်ရသည့်အပြင် ကြက်သွန်နီမျိုးစေ့တစ်ပြည်လျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ကြကြောင်း၊ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် ဆေးဖိုး၊ ပေါင်းထိုးခတို့ ထည့်တွက်လျှင် ကျပ်ခြောက်သိန်းအထိ အရင်းအနှီးရှိကြောင်းသိရသည်။

တပ်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက "မနှစ်ကလည်း တောင်သူတွေ ကြက်သွန်နီစိုက်တာ အရှုံးပေါ်တယ်။ အခုနှစ်မှာလည်း တောင်သူတွေ ကြက်သွန်နီလှိုင်လှိုင်ပေါ်ချိန် ဈေးကကျသွားတော့ ဘယ်လိုမှတွက်ခြေမကိုက်ဘူး။ ကျွန်တော်က ဒီနှစ်မှာ ကြက်သွန်နီ မစိုက်ဖြစ်ဘူး။ အာလူးနည်းနည်းတော့ စိုက်ထားတယ်" ဟုပြောသည်။ ယခုနှစ် မတ်လ ပထမပတ်အတွင်းက ကြက်သွန်နီဈေးနှုန်းများမှာ မန္တလေးတိုင်း မြစ်သားမြို့တွင် ကြက်သွန်နီ လတ်ချော တစ်ပိဿာ ကျပ် ၈၀၀၊ ရှယ်တစ်ပိဿာ ကျပ် ၁၀၀၀ရှိပြီး မြင်းခြံမြို့တွင်ကြက်သွန်နီလတ်ချောတစ်ပိဿာ ကျပ် ၆၀၀၊ ရှယ်တစ်ပိဿာ ကျပ် ၇၅၀ ရှိကြောင်း၊ မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် လတ်ချောတစ်ပိဿာ ကျပ် ၇၀၀၊ ရှယ်တစ်ပိဿာ ကျပ် ၈၀၀ ရှိသည်။ ဆိပ်ဖြူမြို့နယ်တွင် ကြက်သွန်နီ ကျပ် ၆၀၀ မှ ၈၀၀ ရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8950904

## နှစ်သန်း ၁၀၀ သက်တမ်းရှိ ဒိုင်နိုဆောငှက်ရုပ်ကြွင်း မြန်မာ့ပယင်း၌တွေ့ရှိ



နှစ်ပေါင်းသန်း ၁၀၀ သက်တမ်းရှိ ပျံသန်းနိုင်သော ဒိုင်နိုဆောငှက်ရုပ်ကြွင်းကို မြန်မာ့ပယင်းထဲ၌တွေ့ရှိကြောင်း သိပ္ပံပညာရှင်များက အတည်ပြုခဲ့ကြသည်။ အဆိုပါရုပ်ကြွင်းသည် အသေးငယ်ဆုံးငှက်ထက်ပင်ပိုသေးပြီး T-Rex ဒိုင်နိုဆောထက် သက်တမ်းရင့်ကာ အသေးငယ်ဆုံး ဒိုင်နိုဆောငှက်ဖြစ်နိုင်သည်ဟုဆိုသည်။ မြန်မာနိုင်ငံက ပယင်းလုံးလေးထဲ၌ Oculudentavis khaungraae ခေါ် ဒိုင်နိုဆောငှက်၏ ဦးခေါင်းကို သိပ္ပံပညာရှင်များက ရှင်းရှင်းလင်းလင်း ပုံစံမပျက်ရှာဖွေတွေ့ရှိခဲ့ကြသည်။

"အဲဒီရုပ်ကြွင်းကို စမြင်တော့ ကျမ အရမ်းအံ့အားသင့်သွားတာ၊ ထူးခြားတဲ့ မျက်ကွင်းရိုး၊ သွားတွေအများကြီးနဲ့ ကောင်းကောင်းမွန်မွန်ရှိနေတာ တကယ်ထူးဆန်းတယ်" ဟု Chinese Academy of Sciences မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် Jingmai O'Connor က AFP ကိုပြောသည်။ ဒိုင်နိုဆောငှက်ရုပ်ကြွင်းဦးခေါင်းက (၇.၁) မီလီမီတာခန့်ရှည်ပြီး တွေ့ရှိသမျှထဲတွင် အသေးငယ်ဆုံး ဒိုင်နိုဆောဖြစ်သည်။ ယနေ့ခေတ် အသေးငယ်ဆုံး ငှက်ပိတုန်းထက်ပင် ပိုသေးသည်။

အရွယ်အစားသေးသော်လည်း ၎င်း၏ ချွန်ထက်သော သွားများနှင့် ကြီးမားသောမျက်လုံးများကို အသုံးပြုကာ သားကောင်အင်းဆက်များကို အမဲလိုက်ခဲ့ဟန်ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားကြသည်။ "ငှက်တွေနဲ့တချို့ဒိုင်နိုဆော

တွေမှာသာတွေ့ရတဲ့ ဦးခေါင်းခွံမျိုး ဒီငှက်မှာရှိတယ်လို့ထင်ပါတယ်၊ ဒါပေမယ့် ငှက်လို့သတ်မှတ်နိုင်လောက်တဲ့ ဦးခေါင်းခွံ ဝိသေသလက္ခဏာမျိုးမရှိတာကြောင့် ဒိုင်နိုဆော ဒါမှမဟုတ် တခြား သတ္တဝါတစ်ကောင် ဖြစ်နိုင်ပါတယ် "ဟု O'Connor က ဆိုသည်။ ကျောက်တုံးကျောက်ဆောင်တွင် ကပ်နေသောရုပ်ကြွင်းနှင့်မတူညီသည့်အချက်မှာ ပယင်းထဲရှိရုပ်ကြွင်းများသည် မူလအရောင်နှင့်ပုံပန်းသဏ္ဌာန်မပျက်ဘဲ နူးညံ့သောတစ်သျှူးများကို ထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/68050

## ဥရောပတစ်ခွင် ကိုဗစ်ပြန့်လာ၍ မြန်မာ့ပို့ကုန်ကို ဆက်လက်ရိုက်ခတ်မည်

ကမ္ဘာ့နိုင်ငံထက်ဝက်ကျော်ကို ပြန့်ပွားနေပြီဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ်ဂယက်က မြန်မာ့စီးပွားရေးကို ရိုက်ခတ်နေပြီ ဖြစ်သည်။ ဗိုင်းရပ်စ်အကျိုးဆက်အဖြစ် မြန်မာနိုင်ငံတွင် ခရီးသွားကဏ္ဍ လတ်တလောထိုးကျသွားခြင်း၊ တရုတ်သို့ ပုံမှန် တင်ပို့လျက်ရှိသည့်သီးနှံများ မတင်ပို့နိုင်၍ ပို့ကုန်ဝင်ငွေထိခိုက်ခြင်း၊ ကုန်ကြမ်းအခက်အခဲကြောင့် အထည်ချုပ်အပါအဝင် လက်ခစားလုပ်ငန်း (CMP) များလည်းပတ်မှုတွင် ကြီးမားစွာရိုက်ခတ်လျက်ရှိသည်။ ''ဒီဃက်က ဘယ်လောက်ထိ

ရောက်သွားနိုင်လဲဆိုရင် ပြည်တွင်းမှာရှိတဲ့ စီးပွားရေး

လုပ်ငန်းတွေ အပါအဝင် စိုက်ပျိုး ရေးနယ်ပယ်တွေ တော်တော်

ရိုက်ခတ်မယ့် အနေအထား တစ်ခုကို မြင်နေရပြီ''ဟု

ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ

အသင်းချုပ်၊ အထွေထွေ အတွင်း ရေးမှူး ဦးအေးဝင်းက ပြော

သည်။ ပြည်တွင်း၌ ကုန်ကြမ်း ပြတ်လပ်မှုကြောင့်

လက်ခစားလုပ်ငန်း (CMP) စက်ရုံများ ပိတ်သိမ်းခြင်းများ

ရှိသကဲ့သို့ ကုန်ကြမ်းပြတ်လပ် မှုမရှိဘဲ စက်ရုံ ပိတ်သိမ်းသည့်

ဖြစ်စဉ်များလည်း ရှိနေရာ ယင်းတို့ ကို အစိုးရက သေချာစွာ



စောင့်ကြည့်သင့်သည်ဟု မြန်မာနိုင်ငံ အလုပ်သမားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။ စက်ရုံများပိတ်မှုကြောင့် အလုပ်လက်မဲ့ဦးရေ တိုးလာပြီး ဒေဝါလီခံ၍ ထွက်ပြေးတိမ်းရှောင်သော စက်ရုံများပင်ရှိလာသည်။

စက်ရုံများ လည်ပတ်နိုင်ရေးအတွက် တရုတ်နိုင်ငံက ကုန်ကြမ်းများ ဧပြီလကုန်တွင် ပုံမှန်ဝင်လာမည်ဟု မျှော်လင့်ထား သော်လည်း လက်ရှိ တရုတ်နိုင်ငံတွင် ကုန်ကြမ်းစက်ရုံ ၃၀ ရာခိုင်နှုန်းသာ ပြန်လည်လည်ပတ်နေရာ ကုန်ကြမ်းရရှိရေး အဆင်ပြေဦးမည်မဟုတ်ဟု ကုန်သည်၊ စက်မှု အသင်းကဆိုသည်။ ထို့ပြင် အီးယူနိုင်ငံများသို့ပါ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားနေသည့်အတွက် တရုတ်ပြည်က ကုန်ကြမ်းများ ပြန်လည်ရရှိလျှင်ပင် အထည်ချုပ်တင်ပို့မှုတွင် စိန်ခေါ်မှုများရှိလာ မည်ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောသည်။ ''လက်ရှိကတော့ ကုန်ကြမ်းတွေ ရှိနေသေးတဲ့အတွက် ထွက်နေတယ်''ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံ၏ အထည်ချုပ် ပို့ကုန်များကို ဥရောပသမဂ္ဂ(အီးယူ)သို့ ၇၀ ရာခိုင်နှုန်းခန့် တင်ပို့နေပြီး ဂျပန်၊ ကိုရီးယား၊ ကနေဒါ၊ အမေရိကန်၊ တရုတ်နှင့် အခြားနိုင်ငံများသို့ တင်ပို့သော်လည်း မြန်မာ့အထည်ချုပ် လုပ်ငန်းသည် ဥရောပသမဂ္ဂကို အားထားမှီခိုနေရဆဲဖြစ်သည်။

ဗိုင်းရပ်စ်ကြောင့် မြန်မာ့စီးပွားရေးလောက ရိုက်ခတ်လာပြီး လတ်တလောတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာလည်း အလျင်အမြန် ပြောင်းလဲကျဆင်းလာရာ ဗဟိုဘဏ်အနေဖြင့် ဝင်ရောက်ထိန်းသိမ်းရန်လိုကြောင်း လုပ်ငန်းရှင်များက ဆိုသည်။ လတ်တလောတွင် ငွေကြေးလဲလှယ်မှုနှုန်းထားများ လျင်မြန်စွာကွာဟသွားသည့်ကိစ္စကို ဝင်ရောက်ထိန်းကျောင်း ဆောင်ရွက်ပေးရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် လယ်ယာ ထွက်ကုန် စိုက်ပျိုးထုတ်လုပ်သူများက ယခုရက်ပိုင်းအတွင်း ကုန်သည်စက်မှုအသင်းချုပ်ထံ လာရောက် တောင်းဆိုမှုများရှိပြီး ယင်းကို အစိုးရသို့ တင်ပြမည်ဟု ဦးအေးဝင်းက ပြောသည်။

စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုကမူ လက်ရှိ ဒေါ်လာဈေးနှုန်းများ ကျဆင်းနေခြင်းကို လတ်တလော ထိန်းချုပ်ရန် မလိုအပ်သေးဟု ဆိုသည်။ ''လောလောလတ်လတ်ကတော့ ကြီးကြီးမားမား ထိခိုက်မှု မရှိသေးပါဘူး။ မြန်မာနိုင်ငံ

ဗဟိုဘဏ်သာမက တစ်ကမ္ဘာလုံးရှိ ဗဟိုဘဏ်တွေက စီးပွားရေး ကပ်ဆိုက်မယ့် အခြေအနေမရောက်အောင် ဝိုင်းဝန်းစဉ်းစား ဖြေရှင်းမှာ ကျိန်းသေပေါက်ပါပဲ''ဟု ၄င်းက သုံးသပ်သည်။ ဗိုင်းရပ်စ်ကြောင့် လက်ခစားလုပ်ငန်း (CMP) များအပြင် အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် စိုက်ပျိုးရေးတောင်သူများအထိ ထိခိုက်လာနိုင်ပြီး ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) လည်း ထိခိုက်လာမည်ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားလျက်ရှိခြင်းကြောင့် အာရှ၏ ဖွံ့ဖြိုးဆဲဒေသများအပေါ် စီးပွားရေးအရ သိသာထင်ရှားစွာ သက်ရောက်မှုရှိနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကလည်း မတ် ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ လက်ရှိတွင် ရောဂါပြန့်ပွားမှုကြောင့် အာရှတိုက်အတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်တွင်းဝယ်လိုအား သိသာစွာကျဆင်းခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလည်အပတ်ဖြင့်ဖြစ်စေ၊ အလုပ်ဖြင့်ဖြစ်စေ သွားလာကြသူ အရေအတွက်ကျဆင်းလာခြင်း၊ ကုန်သွယ်ရေးနှင့်ကုန်ထုတ်လုပ်မှု အချိတ်အဆက်များ၊ ထောက်ပံ့ကုန်ပို့မှုများ အနှောင့်အယှက်ဖြစ်ရခြင်းနှင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုစသည့် ကဏ္ဍစုံတွင် ထိခိုက်မှုများရှိလာနိုင်ကြောင်း အာရှဖွံ့ရေးဘဏ်ကသုံးသပ်ထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ သုံးသပ်မှုအရ ကမ္ဘာတစ်ဝန်းတွင် ဒေါ်လာ ၇၇ ဘီလျံမှ ၃၄၇ ဘီလျံအထိ သို့မဟုတ် ကမ္ဘာ့အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းမှ ၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည်ဟု ခန့်မှန်းထားသည်။

**Source:** https://myanmar.mmtimes.com/news/136621.html

## ကိုရိုနာဗိုင်းရပ်စ် ရင်ဆိုင်နေရချိန် နိုင်ငံ၏ဆန်ထုတ်လုပ်မှု မကျဆင်းစေရန်တရုတ်ကြိုးပမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ထိန်းချုပ်ရေးအစီအမံများကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံမှုကို ထိခိုက်လာနိုင်သဖြင့် တရုတ်အနေဖြင့် ယခုနှစ်အတွင်း ကောက်ပဲသီးနှံအထွက်ကျဆင်းခံ၍မဖြစ်ကြောင်း အစိုးရလုပ်ငန်း အဖွဲ့တစ်ခုက အင်္ဂါနေ့တွင်ပြောသည်။ တရုတ်တွင် နွေဦးသီးနှံစိုက်ပျိုးမှု မစတင်မီ သီတင်းပတ် အနည်းငယ် အလိုမှာပင် ဗဟိုအစိုးရ၏ ကိုရိုဗိုင်းရပ်စ် စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က တောင်သူလယ်သမားများအား စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ပြည်နယ်အစိုးရများကို ညွှန်ကြားခဲ့ပြီး ယခုနှစ် သီးနှံစိုက်ဧရိယာနှင့် သီးနှံအထွက်တည်ငြိမ်ရမည်ဟု ကတိပြုခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရန် လူအသွားအလာကို ပိတ်ပင်ထားသဖြင့် တောင်သူများ လယ်ယာထွန်ယက်ခြင်း၊ သီးနှံစိုက်ပျိုးခြင်း မပြုလုပ်နိုင်မည်ကို စိုးရိမ်နေခဲ့ရသည်။ကူးစက်ရောဂါကြောင့် လူသွားလူလာ ပိတ်ဆို့ခံထားရသော ရောဂါဗဟိုချက် ဟူဘေးပြည်နယ်သည် ၂၀၁၉ ခုနှစ်က တရုတ်နိုင်ငံ ဆန်ထုတ်လုပ်မှုစုစုပေါင်းအနက် ကိုးရာခိုင်နှုန်းအထိ ထုတ်လုပ်ခဲ့သည်။

စပါးစိုက်ပျိုးနိုင်သည့် အခြေအနေကောင်းရှိသော ဒေသများအနေဖြင့် အစိုးရကချမှတ်ထားသော ဆန်ပမာဏထက် အရည်အသွေး ဦးစားပေးရေး မူဝါဒကိုဆန့်ကျင်ကာ စပါးနှစ်သီးစိုက်ပျိုးရေးကို ပြန်လည်ကျင့်သုံးရမည်ဟု ယင်းအဖွဲ့က ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ဒေသများအနေဖြင့် ရာသီဦးစပါးသီးနှံစိုက်ဧရိယာများကို ချဲ့ထွင်ရန်လိုအပ်ပြီး လုပ်ထားသည့်လယ်ဧရိယာများ နည်းနိုင်သမျှနည်းစေရေး ဆောင်ရွက်ရမည်ဟုထုတ်ပြန်ထားသည်။ တရုတ်အစိုးရသည် နိုင်ငံတော် အရန်ဆန်အဖြစ် သိုမှီးရန် တောင်သူထံမှဝယ်ယူမည့် အင်ဒါကာဆန်အမျိုးအစား အခြေခံဈေးကို ယခင်အပတ်က မြှင့်တင်ပေးခဲ့ရာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအပေါ် အားပေးကြောင်း ပြသခဲ့ခြင်းဖြစ်သည်။ သတ်မှတ်ဈေးမှာ ရာသီဦး စိုက်ပျိုးသော အင်ဒီကာဆန်အတွက် တစ်တန်လျှင် ၂၄၂၀ ယွမ်နှင့် ရာသီလယ်နှင့် ရာသီနှောင့်တွင် စိုက်ပျိုးသော အင်ဒီကာဆန်အတွက် ၂၅၄၀ ယွမ် သတ်မှတ်ထားရာ ယခင်နှစ်ထက် တစ်တန်လျှင် ၂၀ ယွမ်စီ မြင့်တက်လာခြင်းဖြစ်သည်။ ယင်းမှာ အစိုးရက ထုတ်ပြန်သည့် အခြေခံဆန်ဈေးကို ၂၀၁၄ နောက်ပိုင်း ပထမဆုံးအနေဖြင့် မြှင့်တင်ပေးခြင်းဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် လုပ်သားပြတ်လပ်မှု ကြုံတွေ့နေရသောတောင်သူများကို အကူအညီပေးပြီး စိုက်ပျိုးနိုင်သည့်မြေများအား ချန်လှပ်ထားခြင်းမှရှောင်ကြဉ်ရန် အစိုးရကတိုက်တွန်းထားသည်။

**Source: Reuters**

https://www.facebook.com/myanmaawba/?ref=page_internal

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေး အမေရိကန်ဒေါ်လာ ၂ ထရီလီယံ နစ်နာနိုင်




လူသေဆုံးစေနိုင်တဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဟာ အခုနှစ်ထဲ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀ ထရီလီယံကနေ ၂ ဒသမ ၀ ထရီလီယံကြား ထိခိုက်နစ်နာနိုင်တယ်လို့ ကုလသမဂ္ဂ စီးပွားရေးပညာရှင်တွေက တနင်္လာနေ့မှာ သတိပေးလာပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရဲ့ သက်ရောက်မှု လျှော့ပါးရေးအတွက် အစိုးရတွေအနေနဲ့ ကြိုးစားဖော်ဆောင်ကြရန်လည်း ကုလသမဂ္ဂက တိုက်တွန်းပြောဆိုပါတယ်။

COVID-19 ခေါ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုဟာ နိုင်ငံအချို့ကို စီးပွားရေးကပ်ထဲ ဆွဲချလိမ့်မှာဖြစ်ပြီး ကမ္ဘာ့စီးပွားရေးတစ်ရပ်လုံးလည်း ဖွံ့ဖြိုးမှုသိသိသာသာ နှေးကွေးစေလိမ့်မယ်လို့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ UNCTAD ရဲ့ ထုတ်ပြန်ချက်တစ်ရပ်မှာ ဖော်ပြထားပါတယ်။ ကမ္ဘာတစ်လွှား လူပေါင်း ၁၁၀၀၀၀ ကျော် ကူးစက်ဖြစ်ပွားပြီး သေဆုံးသူ ၃၈၀၀ ကျော် ရှိနေပြီဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားပျံ့နှံ့မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းအောက်ကျဆင်းနိုင်ပြီး ကမ္ဘာ့စီးပွားရေး ကျဆင်းမှုဆီ ဦးတည်လာကြောင်း UNCTAD က ဆိုပါတယ်။ “ကျွန်တော်တို့ မှန်းဆချက်အရတော့ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုဟာ ဒီနှစ်ထဲမှာ ၂ ရာခိုင်နှုန်းအောက် ရှိလိမ့်မယ်။ စီးပွားရေးထိခိုက်နစ်နာမှုက ဒေါ်လာ တစ်ထရီလီယံအထက်ရှိလာနိုင်တယ်။”လို့ UNCTAD မှ ဂလိုဘယ်လိုက် ဇေးရှင်းနှင့် ဖွံ့ဖြိုးမှု မဟာဗျူဟာဌာန အကြီးအကဲ ရစ်ချက်ကိုဇူဝိုက်က ပြောပါတယ်။ “အခုအခါမှာ မေးမြန်းသင့်တဲ့မေးခွန်းက ဒေါ်လာတစ်ထရီလီယံနစ်နာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်ဟာ အပြုသဘောဆောင်တဲ့ ခန့်မှန်းချက်လားဆိုတာပါပဲ။ အဆိုးဆုံး အခြေအနေအဖြစ် ခန့်မှန်းရရင်တော့ ဒေါ်လာနှစ်ထရီလီယံအထိ ထိခိုက်နစ်နာနိုင်တယ်ဆိုတာပါပဲ။”ဆိုပြီး ဂျီနီဗာမှာပြုလုပ်တဲ့ညီလာခံမှာ ၎င်းက သတင်းထောက်တွေကိုပြောပါတယ်။ စားသုံးသူနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှု ပျောက်ဆုံးခြင်း၊ ကမ္ဘာ့ဝယ်လိုအားကျဆင်းခြင်း၊ ကြွေးမြီဖောင်းပွခြင်းနဲ့ ကျယ်ပြန့်လာတဲ့ စျေးကွက်စိုးရိမ်မှုတွေက ကမ္ဘာ့စီးပွားရေးကို ဖိစီးလျက်ရှိနေတာ ဖြစ်ပါတယ်။

**Source:** http://www.mizzimaburmese.com/article/67995

## ဒေါ်လာ-ရူပီး ငွေကြေးလဲလှယ်ပေးမှုအစီအစဉ်အား အိန္ဒိယဗဟိုဘဏ်ဆောင်ရွက်မည်

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဂယက်ကြောင့် အိန္ဒိယနိုင်ငံ၌ ငွေကြေးစျေးကွက်မတည်ငြိမ်မှုဖြစ်ပေါ်လျက်ရှိခြင်းအား ရင်ဆိုင်နိုင်ရန်အတွက် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ တန်ဖိုးရှိသော ဒေါ်လာ - ရူပီး ငွေကြေးလဲလှယ်ပေးမှု အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ၁၂.၃.၂၀၂၀ နေ့တွင် အိန္ဒိယဗဟိုဘဏ်က သတင်းထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားများ စံချိန်တင်မြင့်မားလျက်ရှိပြီး စာရင်းရှင်အပ်ငွေ လိုငွေပြနေမှုမှာ အနိမ့်ကျဆုံးအခြေအနေ၌ရှိနေခြင်းက အိန္ဒိယဗဟိုဘဏ်အဖို့ ပြတ်သားစွာ ကိုင်တွယ်လုပ်ဆောင်ရမည့် အနေအထားသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

အိန္ဒိယဗဟိုဘဏ်က သတင်းထုတ်ပြန်ရာတွင် လက်ရှိစျေးကွက်၌ ဖြစ်ပေါ်နေသော ဒေါ်လာငွေကြေး လိုအပ်ချက်အရ အိန္ဒိယနိုင်ငံခြားငွေကြေးလဲလှယ်မှုစျေးကွက်၏ ငွေဖြစ်လွယ်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ယခုကဲ့သို့ အမေရိကန်ဒေါ်လာငွေ ရောင်းဝယ်မှု အစီအစဉ်ကို ၆ လတာ ကာလအထိ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဒေါ်လာငွေလဲလှယ် ပေးခြင်းကို အသုတ်လိုက် လေလံခေါ်ယူရောင်းဝယ်မှုစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဤအစီအစဉ်ကို ၁၆.၃.၂၀၂၀ နေ့၌ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ တန်ဖိုးအထိ လေလံတင်ရောင်းချမှုဖြင့် အစပြု မည်ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ကမ္ဘာ့စျေးကွက်၌ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဆင့်ကဲ သက်ရောက်မှုများအား စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက် COVID-19 ကပ်ရောဂါကြောင့် အိန္ဒိယ၏ စီးပွားရေးအပေါ် သက်ရောက်ထိခိုက်မှုများအား လျှော့ပါးသက်သာစေရေး၊ အိန္ဒိယငွေကြေးစျေးကွက်၏

လုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်ရေးတို့အတွက် လိုအပ် သောအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၆.၃.၂၀၂၀ နေ့ စာရင်းများအရ ဗဟိုဘဏ် လက်ဝယ်၌ နိုင်ငံခြားအရန်ငွေကြေး အမေရိကန်ဒေါ်လာ ၄၈၇.၂၄ ဘီလီယံရှိပြီး မည်သည့် အရေးပေါ် လိုအပ်ချက်အခြေအနေတွင်မဆို သက်သာမှုရရှိစေရန် လုပ်ဆောင်ပေးနိုင်ကြောင်း ဖေါ်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့လက်ဝယ်ရှိ ပြည်တွင်းအစုရှယ်ယာ Foreign portfolio investment (FPI) များကို ပြန်လည်ရောင်းချမှုများက ယခုနှစ်အတွင်း အိန္ဒိယရူပီးငွေ၏ တန်ဖိုးအား ၄.၀၇ ရာခိုင်နှုန်းကျဆင်းစေခဲ့သည်။ ယခုမတ်လအတွင်းမှာပင် FPI များအား ပြန်လည်ရောင်းချ၍ အိန္ဒိယအရင်းအနှီးဈေးကွက်မှ ရုပ်သိမ်းသွားမှုမှာ ရူပီးငွေ ၃၇၉.၅၄ ဃီလီယံ (အမေရိကန်ဒေါ်လာ ၅.၁၄ ဃီလီယံခန့်)ရှိသည်။ အိန္ဒိယနိုင်ငံရှိ ဘဏ်များအကြား နိုင်ငံခြားငွေလဲလှယ်မှု ဈေးကွက်တွင် ၁၃.၃.၂၀၂၀ နေ့ ဈေးဖွင့်ချိန်၌ (၁) အမေရိကန်ဒေါ်လာလျှင် ၇၄.၃၉ ရူပီးနှုန်းအထိ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

Source: 1. As coronavirus spooks markets, RBI announces $2 billion money shot, 12 March 2020, Economic Times

2. Rupee rebounds 48 paise to 73.80 a dollar on RBI assurance, 13 March 2020, Economic Times

3. Press Release of the Reserve Bank of India: RBI Announces USD/INR Sell Buy Swaps, 12 March 2020

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## "Smart China Expo" ကို စင်ကာပူနှင့် တရုတ်ပူးတွဲစီစဉ်ကျင်းပမည်

"Smart China Expo" ကို ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ပူးတွဲစီစဉ်ကျင်းပသွားရန် စင်ကာပူနှင့် တရုတ်နိုင်ငံ၊ ချုံကင်း (Chongqing) မြူနီစီပယ်အုပ်ချုပ်ရေးအစိုးရတို့အကြား "Letter of Intent (LoI)" လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၅ - ၃ - ၂၀၂၀ ရက်နေ့တွင် ဗွီဒီယိုကွန်ဖရင့် အစီအစဉ်ဖြင့် ပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲသို့ စင်ကာပူ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ကုန်သွယ်ရေး ဆိုင်ရာ ဒုတိယအတွင်းဝန် Mr. Luke Goh နှင့် တရုတ်နိုင်ငံ၊ ချုံကင်းမြို့၏ ဒုတိယမြို့တော်ဝန် Mr. Li Bo တို့က အသိသက်သေများအဖြစ် တက်ရောက်ခဲ့ကြပြီး၊ ယခုလက်မှတ်ရေးထိုးမှုသည် တီထွင်ဆန်းသစ်ဖန်တီးမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာအားကောင်းလာစေရေးအတွက် ၎င်းတို့၏ ကတိကဝတ်များကို ဖော်ပြနေခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။

"Smart China Expo" ကို ၂၀၁၈ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၊ ချုံကင်းမြို့တွင် နှစ်စဉ်ကျင်းပ လျက်ရှိပြီး၊ တရုတ်နိုင်ငံ၏ အကြီးဆုံးသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပြပွဲကြီး ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ပြပွဲတွင် စင်ကာပူမှ ကုမ္ပဏီ ၇၀ ကျော်နှင့် စီးပွားရေးလုပ်ငန်းကိုယ်စားလှယ် ၂၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်ပြပွဲတွင် နိုင်ငံကိုယ်စားပြုပြခန်းဖြင့် SMEs များနှင့် ဖွံ့ဖြိုးစလုပ်ငန်းများပါဝင်စေလျက် စင်ကာပူ၏ထုတ်ကုန်များ၊ နည်းပညာများနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်မှုများကိုပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် စီးပွားရေးလုပ်ငန်းပိုင်း ချိတ်ဆက်မှုအစီအစဉ်များနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဆွေးနွေးပွဲအစီအစဉ်များဖြစ်သော ဖိုရမ်နှင့်ညီလာခံတို့ကို ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade and Industry, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူမြို့**

# လုပ်သက်သက်တမ်းအလယ်အလတ်ရှိသောလုပ်သားများနှင့် အသက်အရွယ်ကြီးသော လုပ်သားများအား လေ့ကျင့်သင်တန်း ပေးခြင်းနှင့် အလုပ်အကိုင်ခန့်အပ်ထားခြင်းတို့အတွက် စင်ကာပူအစိုးရက ၂ ဘီလီယံ ထောက်ပံ့ပေးသွားမည်

လုပ်သက်အားဖြင့် အလယ်အလတ်ရှိသောလုပ်သားများကို စွမ်းဆောင်ရည်မြှင့်တင်ရန် လေ့ကျင့် သင်တန်းပေးနေသော လုပ်ငန်းများနှင့် အသက်အရွယ်ကြီးသောလုပ်သားများအား အလုပ်အကိုင်ခန့်အပ်ထားသောလုပ်ငန်းများအတွက် စင်ကာပူ အစိုးရက စင်ကာပူဒေါ်လာ ၂ ဘီလီယံအထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၃-၃-၂၀၂၀ ရက်နေ့တွင် ပါလီမန်၌ ကျင်းပ ပြုလုပ်ခဲ့သော ဘတ်ဂျက် ၂၀၂၀ ဆွေးနွေးမှုအစီအစဉ်တွင် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး Mrs Josephine Teo က ပြောကြားခဲ့ပါသည်။

၂၀၂၀ ခုနှစ် စင်ကာပူဘတ်ဂျက်ဖြင့် စတင်ဆောင်ရွက်မည့် "Senior Worker Support Package (SWSP)" အစီအစဉ်အရ အသက် ၅၅ နှင့်အထက် စင်ကာပူလုပ်သားများကို အလုပ်အကိုင်ခန့်အပ်ထားသည့်လုပ်ငန်းများအတွက် စင်ကာပူဒေါ်လာ ၁.၃ ဘီလီယံကို ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ယင်းအစီအစဉ်မှာ လုပ်သား များ၏ လုပ်ခလစာ၏ ၈ ရာခိုင်နှုန်းအထိကို လုပ်ငန်းများအား ပြန်လည်ပံ့ပိုးပေးမည်ဖြစ်ပြီး၊ အသက် ၆၇ နှစ်နှင့် အထက် လုပ်သားများကို ခန့်အပ်ထားသောလုပ်ငန်းများအတွက် အများဆုံးပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် အငြိမ်းစား ယူရမည့် သက်တမ်းအား တိုးမြှင့်ခြင်းနှင့် အချိန်ပိုင်းအလုပ်တွင် ပြန်လည်ခန့်ထားပေးခြင်းတို့အတွက် လုပ်ငန်းတစ်ခုချင်းသည် စင်ကာပူဒေါ်လာ ၂၅၀,၀၀၀ အထိ အစိုးရ၏ပံ့ပိုးမှုရရှိမည်ဖြစ်ပြီး၊ ယင်းအစီအစဉ်မှ ကုမ္ပဏီပေါင်း ၁၁၀,၀၀၀ ခန့်နှင့် လုပ်သား ပေါင်း ၅၇၀,၀၀၀ ခန့်သည် အကျိုးကျေးဇူးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အသက် ၄၀ နှစ်မှ ၅၀ နှစ်အကြားရှိသောလုပ်သားများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် ၎င်းတို့အား အလုပ်အကိုင်ခန့်အပ်ခြင်းတို့အတွက် "SkillsFuture Mid-Career Support Package" အစီအစဉ်ဖြင့် စင်ကာပူဒေါ်လာ ၇၅၀ သန်းကို လုပ်ငန်းများအား ပံ့ပိုးပေးမည့်အစီအမံလည်းပါဝင်ကြောင်း သိရှိရပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# STOCK EXCHANGE (12.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 12th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 6,703 | 77,089,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | -50 | -1.27% | 3,950 | 3,950 | 3,900 | 9,141 | 36,011,050 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 47 | 1,058,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 7 | 19,950 | 12,823,224 | 36,546 |

## Market summary

As of 12th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 469.07 | -10.42 | -2.17% | 469.59 | 479.49 | 469.07 | 15,899 | 114,186,700 | 5 | 642,312 |

### Index chart




# Market Overview

As of 1:00 pm, 12th Mar. 2020

| MYANPIX | 469.07 ▼10.42 |
|---|---|
| Total Volume (shares) | 15,899 |
| Total Value (MMK) | 114 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,312 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,900 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |